လွတ်လပ်သော နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနဆိုင်ရာ
အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့(မြန်မာ)

CSO Working Group on Independent National
Human Rights Institution (Burma/Myanmar)

အွန်လိုင်း သတင်းစာရှင်းလင်းပွဲ

**မြန်မာစစ်အုပ်စုထိန်းချုပ်ထားသော MNHRC ကို ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကွန်ရက်မှဖယ်ရှား**

ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးကွန်ရက်များတွင် အကြီးမားဆုံး ကွန်ရက်တစ်ခုဖြစ်သော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများမဟာမိတ်အဖွဲ့ (GANHRI) က မြန်မာစစ်အုပ်စု လက်အောက်ခံ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ၎င်း၏ကွန်ရက်မှ ဖယ်ရှားလိုက်ပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် လွတ်လပ်သောနိုင်ငံအဆင့် လူ့အခွင့်အရေးဌာန (NHRI) အသစ်တစ်ခုကို တည်ထောင်နိုင်ရန် လမ်းဖွင့်ပေးလိုက်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံအဆင့် လူ့အခွင့်အရေး ဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့ (မြန်မာ) (အတိုကောက် “အလုပ်အဖွဲ့”) က NHRI နှင့်ပတ်သက်သော တိုးတက်ဖြစ်ထွန်းမှုများ၊ စိန်ခေါ်မှုများနှင့် အနာဂတ်ဦးစားပေး လုပ်ငန်းများဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို မျှဝေရန်၊ နှင့် ပြည်တွင်းနှင့်နိုင်ငံတကာ အဆင့်တွင် အရေးပါသော ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးတင်ပြသွားမည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ကျင်းပသွားမည်ဖြစ်သည်။ ဤပွဲတွင် ပါဝင်ဆွေးနွေးမည့် သူများက ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင် ဥပဒေမူကြမ်းနှင့် GANHRI ၏ လတ်တလော ဆုံးဖြတ်ချက်များ အပါအဝင် အဓိကကျသော အကြောင်းအရာများကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။ ယခုသတင်းစာရှင်းလင်းပွဲက မြန်မာနိုင်ငံတွင် ပါရီအခြေခံမူများနှင့်ကိုက်ညီသော နိုင်ငံအဆင့် လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ် ထူထောင်နိုင်ရေး အလုပ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အများပြည်သူများမှ သိရှိနားလည်းလာစေရန် ရည်ရွယ်သည်။

**နေ့ရက်**။ ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက် (အင်္ဂါနေ့)

**အချိန်**။ ။ နံနက် ၉း၃၀ မှ ၁၁း၀၀ နာရီအထိ (မြန်မာစံတော်ချိန်)

**စာရင်းပေးသွင်းရန်**။ ။ https://bit.ly/3COxspw

**ဘာသာစကား**။ ။ မြန်မာဘာသာဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာပြန် စီစဥ်ထားပါသည်။

**ပါဝင်ဆွေးနွေးမည့်သူများ -**

- နန်းဇွန်မိုး၊ အမှုဆောင်ဒါရိုက်တာ၊ ရှေ့ပြေးအသံအဖွဲ့
- ကိုဘိုဘို၊ အမှုဆောင်ဒါရိုက်တာ၊ မျိုးဆက်လှိုင်း
- မ Zee Pe၊ အမှုဆောင်ဒါရိုက်တာ၊ အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် စည်းရုံးလှုပ်ရှားမှုအဖွဲ့

**Moderator** - ဒေါ်ခင်ဥမ္မာ၊ ဥက္ကဌ၊ ရှေ့ပြေးအသံအဖွဲ့

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် - WG_NHRI@protonmail.com